**ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် အပြန်အလှန်ဆွေးနွေးခြင်း အခမ်းအနား တက်ရောက်ကြသည့် နိုင်ငံရေး ပါတီများ၏ သဘောထား ထုတ်ပြန်ချက်**

ရက်စွဲ၊ ၂၀၁၄ ခုနှစ် ဩဂုတ်လ ၁၁ ရက်။

၁။ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယ ဥက္ကဋ္ဌ ဦးအောင်မင်း ၏ ဖိတ်ကြားချက်အရ "နိုင်ငံရေးပါတီများသို့ ငြိမ်းချမ်းရေး ဖြစ်စဉ်များအား ရှင်းလင်းတင်ပြခြင်းနှင့် အပြန်အလှန် ဆွေးနွေးခြင်း" အခမ်းအနားကို မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည် ထူထောင်ရေး လုပ်ငန်း ဗဟိုဌာန (Myanmar Peace Center) တွင် ကျင်းပပြုလုပ်ရာ နိုင်ငံရေး ပါတီပေါင်း (၆၆)ပါတီ ၏ ကိုယ်စားလှယ် (၁၃၁) ဦးနှင့် အထူး ဧည့်သည် (၂၀) ဦး အပါအဝင် စုစုပေါင်း (၁၅၁) ဦး တက်ရောက် ကြပါသည်။

၂။ နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်များ အနေဖြင့် လက်ရှိအချိန်ကာလသည် ပြည်ထောင်စု မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများအားလုံး နှစ်ပေါင်းများစွာ ရင်ဆိုင် ကြုံတွေ့လာခဲ့ရသော လက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းနိုင်ရေးအတွက် ငြိမ်းချမ်းရေးကို လိုလားသူ တိုင်း စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းလုပ်ဆောင်ရမည့် အချိန်အခါ ဖြစ်ကြောင်း ယုံကြည် လက်ခံကြပါသည်။

၃။ နိုင်ငံရေးပါတီများ၏ ကိုယ်စားလှယ်များအနေဖြင့် မြန်မာနိုင်ငံတွင် ရေရှည် တည်တံ့သော ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန် အလို့ငှာ နိုင်ငံလုံးဆိုင်ရာ ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (Nationwide Ceasefire Agreement) အား အမြန်ဆုံး လက်မှတ် ရေးထိုးကြရန် သက်ဆိုင်သူ အားလုံးကို အလေးအနက် တိုက်တွန်း အပ်ပါသည်။

၄။ ထိုမှတဆင့် နိုင်ငံရေးဆွေးနွေးမှု မူဘောင်များ (Framework for Political Dialogue) နှင့် နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှု (Political Dialogue) စသည်တို့ကို အပစ်အခတ်ရပ်စဲရေးစာချုပ်ပါ သဘောတူညီချက်အတိုင်း မပျက်မကွက် ပြုလုပ်ကြရန် သက်ဆိုင်သူအားလုံးကို လေးနက်စွာ တိုက်တွန်းအပ်ပါသည်။

၅။ ပါဝင်သင့် ပါဝင်ထိုက်သူများ ပါဝင်သော နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲများ အမြန်ဆုံး ဖြစ်ပေါ် နိုင်ရေးအတွက် ပြင်ဆင်ရန် (က) ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ Union Peace-Making Work Committee (UPWC) (ခ) တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ် ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ Nationwide Ceasefire Coordination Team (NCCT) နှင့် တိုင်းရင်း သားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် (ဂ) နိုင်ငံရေးပါတီများ တွေ့ဆုံနိုင်ရေးကို အမြန်ဆုံး ဆောင်ရွက်ပေးပါရန် တောင်းဆို တင်ပြအပ်ပါသည်။

၆။ ဤနိုင်ငံရေးပါတီများ၏ သဘောထား ထုတ်ပြန်ချက်သည် အောက်ပါ နိုင်ငံရေးပါတီများ၏ လွတ်လပ်သော သဘောဆန္ဒဖြင့် ထုတ်ပြန်ခြင်း ဖြစ်ပါသည်။

**နိုင်ငံရေးပါတီများ -**

၁။ မြို(ခ)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့
၂။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
၃။ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
၄။ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ
၅။ ပအိုးဝ်အမျိုးသားအဖွဲ့ချုပ်
၆။ ဒီမိုကရက်တစ်ပါတီ(မြန်မာ)
၇။ ကယန်းအမျိုးသားပါတီ
၈။ မြန်မာနိုင်ငံရခိုင်ပြည်နယ်အမျိုးသားအင်အားစု
၉။ ကရင်ပြည်သူ့ပါတီ
၁၀။ "ဝ"အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ
၁၁။ တအောင်း(ပလောင်)အမျိုးသားပါတီ
၁၂။ မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ
၁၃။ ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီ
၁၄။ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ
၁၅။ ညီညွတ်သောဒီမိုကရက်တစ်ပါတီ
၁၆။ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)
၁၇။ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်
၁၈။ အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်
၁၉။ ချင်းအမျိုးသားဒီမိုကရေစီပါတီ
၂၀။ ဝံသာနုNLD(ပြည်ထောင်စုမြန်မာနိုင်ငံ)
၂၁။ ခေတ်သစ်ပြည်သူ့ပါတီ
၂၂။ ပြည်ထောင်စုဒီမိုကရေစီပါတီ
၂၃။ မတူကွဲပြားခြင်းနှင့်ငြိမ်းချမ်းရေးပါတီ
၂၄။ ချင်းတိုးတက်ရေးပါတီ
၂၅။ အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
၂၆။ "ဝ"ဒီမိုကရက်တစ်ပါတီ
၂၇။ ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ
၂၈။ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီ
၂၉။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
၃၀။ တိုင်းရင်းသားလူမျိုးစုများဖွံ့ဖြိုးရေးပါတီ
၃၁။ ကမန်အမျိုးသားတိုးတက်ရေးပါတီ
၃၂။ ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
၃၃။ အမျိုးသားဒီမိုကရေစီအင်အားစု

၃၄။ စည်းလုံးညီညွတ်ရေးနှင့်ဒီမိုကရေစီပါတီ(ကချင်ပြည်နယ်)
၃၅။ ကရင်ပြည်နယ်ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ
၃၆။ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ
၃၇။ ပြည်သူ့ဒီမိုကရေစီပါတီ
၃၈။ အမျိုးသားဒီမိုကရေစီပါတီသစ်
၃၉။ ညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးပါတီ
၄၀။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
၄၁။ မြန်မာလူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ
၄၂။ မြန်မာအမျိုးသားကွန်ဂရက်
၄၃။ ကရင်ဒီမိုကရက်တစ်ပါတီ
၄၄။ မြို တိုင်းရင်းသားပါတီ
၄၅။ တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ
၄၆။ အရှိုချင်း အမျိုးသားပါတီ
၄၇။ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်
၄၈။ ဓနု တိုင်းရင်းသားများ ဒီမိုကရေစီပါတီ
၄၉။ မွန်ဒီမိုကရေစီပါတီ
၅၀။ ဖိုမီး ဒီမိုကရေစီအဖွဲ့ချုပ်
၅၁။ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ
၅၂။ မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ
၅၃။ အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီ
၅၄။ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးပါတီ
၅၅။ လူမျိုးပေါင်းစုံ ဒီမိုကရေစီပါတီ(ကယားပြည်နယ်)
၅၆။ ကယားလူမျိုးစု ဒီမိုကရေစီပါတီ
၅၇။ အမျိုးသားတိုးတက်မြင့်မားရေးပါတီ
၅၈။ ကချင်ပြည်နယ်ဒီမိုကရေစီပါတီ
၅၉။ ကချင်အမျိုးသားများဒီမိုကရေစီကွန်ဂရက်
၆၀။ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)
၆၁။ ထားဝယ်တိုင်းရင်းသားများပါတီ
၆၂။ ဖက်ဒရယ်ပြည်ထောင်စုပါတီ
၆၃။ ပြည်ထောင်စုပအိုဝ်းအမျိုးသားများအဖွဲ့ချုပ် (ပအမဖ)
၆၄။ ရခိုင်အမျိုးသားပါတီ
၆၅။ ချင်းဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
၆၆။ ခူမီး(ခမီး)အမျိုးသားပါတီ